CHINA · YUNNAN
၁၆-၂၂ ဇန်နဝါရီ ၂၀၁၈ Vol.87
HEADLINE
Yunnan Daily Press Group ရန်ကုန်တိုင်းမ် THE YANGON TIMES A

“ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု”

# “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု” အတွင်းသို့ ပါဝင်နေသည့်ယူနန်လုပ်ငန်းများ

နှစ်ပေါင်း(၂၀၀၀)ကျော်က အာရှဥရောပကုန်းမြေပေါ်တွင် “ငြိမ်းချမ်းစွာ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဖွင့်လှစ်ပါဝင်ခြင်း၊ အပြန်အလှန်သင်ယူအတုယူခြင်း၊ အပြန်အလှန် အကျိုးတူအောင်မြင်ခြင်း” ဟူသော ပိုးလမ်းမအတွေးအခေါ်သည် မျိုးဆက်များစွာဆက်ခံပြီး လူသားယဉ်ကျေးမှုတိုးတက်ရေးကို တွန်းတင်နိုင်ခဲ့ပါသည်။ ယနေ့“ရပ်ဝန်းတစ်ခု၊လမ်းကြောင်းတစ်ခု”လမ်းတစ်လျှောက်နိုင်ငံအသီးသီးတို့သည် လမ်းတစ်လျှောက်နိုင်ငံအသီးသီးနှင့် အချင်းချင်းချိတ်ဆက်သည့် လုပ်ဖော်ကိုင်ဖက်ဆက်ဆံရေးကို ပိုမိုခိုင်မာအောင်တည်ထောင်ရန် အာရှဥရောပကုန်းမြေနှင့် ဘေးအနီးအနားပင်လယ်များအချင်းချင်းချိတ်ဆက်ရေးကို အစွမ်းကုန်လုပ်ဆောင်နေကြပါသည်။

ယခုနှစ်ပိုင်း တရုတ်နိုင်ငံယူနန်ပြည်နယ်မှလုပ်ငန်းအများသည် နိုင်ငံတကာအထူးသဖြင့် ဘေးပတ်ဝန်းကျင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေးကို တက်ကြွစွာ လုပ်ဆောင်နေလျက်ရှိနေကြသည်။ စီးပွားရေးဖလှယ်သွားလာမှုမှာ ပိုမိုနီးကပ်လာပြီး ကုန်သွယ်ရေးရာစပ်မှုမှာ ပိုမိုနက်ရှိုင်းလာနေပါသည်။

၂၀၁၇ခုနှစ် ယူနန်တွင်ယူနန်ပြည်နယ်လမ်းပန်းသွားလာရေးရင်းနှီးမြှုပ်နှံမှုဆောက်လုပ်ရေးအုပ်စု(အောက်တွင်“လမ်းပန်းရင်းနှီးအုပ်စု”ဟု အတိုချုံးခေါ်ဝေါ်)ကို တည်ထောင်ခဲ့သည်။ လမ်းပန်းသွားလာရေးသည် စီးပွားလူမှုရေးဖွံ့ဖြိုးတိုးတက်မှု၏ “ရှေ့ပြေး”အဖြစ် ယူနန်ကိုတရုတ်နိုင်ငံ၏ နယ်စပ်အစွန်အဖျားမှ ဖွင့်လှစ်မှုရှေ့ဆောင်နှင့် ဖြာထွက်မှုစင်တာအဖြစ်သို့ မည်သို့လုပ်ဆောင်ရခြင်းသည် လမ်းပန်းရင်းနှီးအုပ်စု၏ ကြိုးပမ်းရသည့်လမ်းကြောင်းပင်ဖြစ်ပါသည်။ လာအိုမော်တင်မှ ဟွေဆိုက်သို့အရှိန်မြင့်အမြန်ကားလမ်းသစ်စီမံကိန်းသည် လမ်းပန်းရင်းနှီးအုပ်စု၏ အပြင်သို့ထွက်သည့် ပထမဆုံး အရေးပါစီမံကိန်းဖြစ်ပါသည်။ အဆိုပါစီမံကိန်း ဆောက်လုပ်ပြီးစီးပြီးနောက် ဟွေဆိုက်မှမော်တင်သို့လမ်းခရီးသည် (၁. ၅)နာရီသာရှိပြီး ဟွေဆိုက်မှ မြို့တော်ဗီယက်ကျင်းအထိ အချိန်(၆)နာရီသာ ကြာတော့မည်ဖြစ်သည်။

လမ်းပန်းရင်းနှီးအုပ်စုသည် “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု”ဆောက်လုပ်ရေးအတွင်းသို့ ရောပါဝင်ရောက်ရန် လုပ်ဆောင်သည့်ကြိုးပမ်းမှုများမှာ ဤမျှသာမကပါ။ စက်တင်ဘာလ (၂၈)ရက်နေ့လမ်းပန်းရင်းနှီးအုပ်စုမှ ဆောက်လုပ်သည့် ကူ(မင်း)ဘန်(ကောက်)ကားလမ်း အလေးပါဖွဲ့စည်းမှုအပိုင်း ရှောင်မော် အရှိန်မြင့်အမြန်ကားလမ်းသည် ကားဖြတ်သန်းသွားလာ စမ်းသပ်လည်ပတ်နေခဲ့ရာ ကူဘန်ကားလမ်းတရုတ်နိုင်ငံပြည်တွင်းပိုင်းတစ်ပိုင်းလုံးသည် အရှိန်မြင့်ပုံစံဖြစ်မြောက်နေသည်ကို ဖော်ပြခဲ့ခြင်းဖြစ်သည်။ ယူနန်ကိုဖြတ်ပြီး လာအို၊ ထိုင်းသို့သွားသည့်လမ်းခရီးအချိန်မှာ ထပ်မံတိုတောင်းနိုင်ခဲ့ပေသည်။

(၂၁)ရာစု ပင်လယ်ပိုးလမ်းမပေါ်၏ အလေးပါသည့် အချက်အချာဗွိုင့်ဖြစ်သည့် ကမ္ဘောဒီးယားတွင် ယူနန်လုပ်ငန်းများသည်လည်း အဆက်မပြတ်အင်အားထုတ်ပြီး ဒေသခံအခြေခံအဆောက်အအုံဆောက်လုပ်ရေးနှင့် စီးပွားလူမှုရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြု လုပ်ဆောင်နေလျက်ရှိသည်။ “ကမ္ဘောဒီးယားစီရမ်ရီအမ်ကော်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် တရုတ်ကမ္ဘောဒီးယားနှစ်နိုင်ငံမှ ‘ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု’ ပူးပေါင်းဆောင်ရွက်ရေး၏ အလေးပါသောအခြေခံအဆောက်အအုံဆောက်လုပ်ရေးစီမံကိန်းဖြစ်သည်။ တရုတ်-ကမ္ဘောဒီးယားချစ်ကြည်ရေး၏ အဓိကစီမံကိန်းလည်းဖြစ်သည်။ ၂၀၁၈ခုနှစ်ဇန်နဝါရီလတွင် ကမ္ဘောဒီးယားမှာ ကျွန်တော်တို့သည် အဆိုပါစီမံကိန်း၏ လုပ်ငန်းစတင်ဖွင့်လှစ်သည့်ပွဲကို ကျင်းပမည်ဖြစ်ပါသည်။” ဟု ယူနန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုအစုရှယ်ယာအုပ်စုကုမ္ပဏီလီမိတက် (“ယူနန်ရင်းနှီးအုပ်စု”ဟု တိုချုံးခေါ်ဝေါ်) ဥက္ကဋ္ဌလျောယုံက ပြောကြားသွားပါသည်။


ရှောင်မော်အရှိန်မြင့် အမြန်ကားလမ်း

၂၀၁၆ခုနှစ် အောက်တိုဘာလ ယူနန်ရင်းနှီးအုပ်စုသည် ယူနန်ဆောက်လုပ်ရေးရင်းနှီးအုပ်စု၊ ယူနန်လေဆိပ်အုပ်စုနှင့်အတူ ဆောက်လုပ်ရေးရင်းနှီးမြှုပ်နှံပူးတွဲထုကို ဖွဲ့စည်းခဲ့သည်။ ဖနွမ်းပင်တွင် ကမ္ဘောဒီးယားနိုင်ငံတော်ဝန်ကြီးချုပ်ရုံးနှင့် ကမ္ဘောဒီးယားစီရမ်ရီအမ်ကော်အပြည်ပြည်ဆိုင်ရာလေဆိပ်စီမံကိန်း BOT (ဆောက်လုပ်၊ လုပ်ဆောင်၊ ပြောင်းရွှေ့) သဘောတူစာချုပ်ကို ချုပ်ဆိုခဲ့သည်။ အဆိုပါသဘောတူချက်အရ ပူးတွဲထုသည် စီရမ်ရီအမ်ကော်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို အတူရင်းနှီးမြှုပ်နှံဆောက်လုပ်ကြမည်ဖြစ်ပြီး အဆိုပါလေဆိပ်၏ နှစ်ပေါင်း(၅၅)နှစ်လုပ်ငန်းလုပ်ဆောင်လည်ပတ်ခွင့်ကို ပိုင်ဆိုင်ထားသည်။ လေဆိပ်ဆောက်လုပ်ပြီးနောက် ကမ္ဘောဒီးယား၏ လေကြောင်းလိုင်းကို ဥရောပတိုက်၊ မြောက်အမေရိကဆက်သွယ်မည့်ကမ္ဘောဒီးယား၏ အချက်အချာလေဆိပ်ဖြစ်လာမည်ဖြစ်သည်။ “ဤသည်မှာ အဖက်ဖက်မှ အကျိုးရရှိနိုင်သည့်စီမံကိန်းဖြစ်သည်။ ဒေသစီးပွားရေး ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးကို ဆွဲငင်လာနိုင်မည်သာမက ယူနန်နယ်စပ်ခရီးသွားလာရေးလုပ်ငန်း၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း တွန်းတင်လုပ်ဆောင်မှုရှိနိုင်ပေသည်။”ဟု လျောယုံက ပြောကြားသွားသည်။

၂၀၁၄ခုနှစ် ဇန်နဝါရီလတွင် ဖူတမ်ဘဏ်သည် “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု” အဆိုပြုချက်အလိုက် တရုတ်နိုင်ငံနှင့် ဘေးပတ်ဝန်းကျင်နိုင်ငံ စီးပွားရေး ငွေကြေးစီးပွားရေးဖလှယ်မှုကိုတွန်းတင်ရန်အတွက် လာအိုတွင် လုပ်ငန်းအဖွဲ့အစည်းဖြစ်သော-- လာအိုတရုတ်ဘဏ်ကို ဦးစွာတည်ထောင်ခဲ့သည်။ လာအိုတရုတ်ဘဏ်လုပ်ငန်းဖွင့်လှစ်ပြီး စတင်လုပ်ဆောင်ချိန်ကတည်းကလာအိုတွင်တည်ရှိသော တရုတ်လုပ်ငန်းနှင့် လာအိုဒေသခံလုပ်ငန်းများအတွက် များစွာသောလွယ်ကူမှုများကို သယ်ဆောင်ပေးနိုင်ခဲ့ပါသည်။

ယခင်က လာအိုတွင် တရုတ်ငွေ ငွေလွှဲမှု၊ တရုတ်ငွေပေးချေမှုစသည့်လုပ်ငန်းများကို လုပ်ဆောင်ရာတွင် အမေရိကန်ဒေါ်လာဖြင့် တထောင်ပုံတပုံမှ တရာပုံတပုံရှိသော ဝန်ဆောင်ခပေးရသည်ဟု ဖူတမ်ဘဏ် ဘဏ်မှူးရန်မင်ကမိတ်ဆက်ပြောဆိုခဲ့သည်။ ယခုမှာ လာအိုတရုတ်ဘဏ်ဖြင့် အဆိုပါလုပ်ငန်းများလုပ်ဆောင်ပါက အမေရိကန်ဒေါ်လာ (၁၀-၁၅)ခန့်ရှိသော ဝန်ဆောင်ခသာယူဆောင်ပါသည်။ ယခင်ကလာအိုတွင် တရုတ်ငွေငွေလွှဲပါက အချိန်(၃)ရက်ကြာပြီး ယခုလာအိုတရုတ်ဘဏ်မှ တရုတ်ငွေ ငွေလွှဲသည်မှာ ချက်ချင်းလက်ငင်းငွေလွှဲစာရင်း ရောက်ရှိနိုင်ပါသည်။

လာအိုတရုတ်ဘဏ်သည် လာအိုဗဟိုဘဏ်မှ သဘောတူခွင့်ပြုထားသည့် ပထမဆုံးသော တရုတ်လာအိုပူးတွဲရင်းနှီးသည့်ငွေရေးကြေးရေးအဖွဲ့အစည်းဖြစ်သည်။ ဖူတမ်ဘဏ်သည် တရုတ်နိုင်ငံဘဏ်ကြီးကြပ်ရေးအဖွဲ့အစည်းမှ ပထမဦးဆုံးသောပြည်ပတွင် ဘဏ်ခွဲအဖွဲ့အစည်းကို တည်ထောင်ရန်သဘောတူခွင့်ပြုသည့်ဘဏ်ဖြစ်သည်။ ယင်းသည် သမိုင်းနှစ်ပေါင်းရာချီရှိသော ဖူတမ်ဘဏ်မှပထမဆုံး “ပထမ” ဟူသော ချီးကျူးမှုရရှိခြင်းမဟုတ်ပါ။ လာအို၊ ဗီယက်နမ်၊ ထိုင်းစသည့် ဘေးပတ်ဝန်းကျင်နိုင်ငံများနှင့် နယ်ခြားပူးပေါင်းဆောင်ရွက်ရန်ဖူတမ်ဘဏ်သည် နယ်မြေဒေသအတွင်း နယ်ခြားငွေကြေးပူးပေါင်းဆောင်ရွက်ရေး၏ ဖလှယ်မှုငွေအရင်းကို များစွာလျော့နည်းစေခဲ့ပြီး ယူနန်ပြည်နယ်နှင့်ဘေးပတ်ဝန်းကျင်နိုင်ငံများ နယ်ခြားငွေကြေးစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို တွန်းတင်ပေးလျက်ရှိပါသည်။



လာအိုတရုတ်ဘဏ်

(ပြည်သူ့နေ့စဉ်သတင်းပြည်ပကော်လံ)
မာရီလု

ပိုမိုများပြားသော သတင်းအချက်အလက်များကို သိလိုလျှင် ယူနန်အမြန်သတင်းစဉ် ဝက်ဆိုက်ကို ဝင်ရောက်ပါ။
english.yunnan.cn